နှစ်ယောက်တ ～～နေကြတယ်။ 他俩总是形影不离。②别着,附着: ရင်ဘတ်မှာတံဆိပ်ကလေး ～ ထားတယ်။ 胸前别着一枚徽章。③垂下,吊着: ထင်းရှူးပင်မှာအစေးတွေ ～ နေတယ်။ 松树上挂着树脂。/ နှုတ်ခမ်း ～ တဲ့အမျိုးသမီး 嘴唇略向下翻的妇女 ④缓慢,迟缓: နှေး ～ သည်။ 缓慢。

တွဲကျ ကı <twe: kya'> 悬垂,挂着

တွဲခုတ် ကı <twe: khout> 男女在一起鬼混: ကြည့်-ကြည့်ဟို အမျိုးသမီးနောက်ယောကျ်ားတယောက်နဲ့ ～ နေပြန်ပြီ။ 看,那个女的又跟另一个男的鬼混了。

တွဲချိတ် ကı <twe: khyeit> (车厢间)挂钩;挂车

တွဲစောင့် နı <twe: zaun'> 列车员

တွဲစစ် နı <twe: sit> 列车检查员

တွဲစပ် ကı <twe: sat> 联结,结合,联系: အထည်စမျိုးစုံကို ～ ၍ချုပ်ထားသောစပ်ထဘီ 用各种碎布料拼接成的女筒裙 / နှစ်နိုင်ငံအစိုးရတို့ ～ ၍လမ်းမကြီးကိုဖောက်လုပ်ခဲ့ကြသည်။ 两国政府合作修筑公路。

တွဲတွဲတွဲတွဲ ကဝı <twe: twe: twe: twe:> 常在一起(鬼混): မင်းမကောင်းတဲ့လူနဲ့ ～ လုပ်တာကျုပ်ခွင့်မပေးနိုင်ဘူး။ 我决不能允许你同坏人一起鬼混。

တွဲထိုး ကı <twe: hto:> 火车进入起点站(准备发车)

တွဲပွဲ နı <twe: bwe:> (赛马的)三联赛

တွဲဖက် I ကı <twe: phet> 合伙,共同: သူငယ်ချင်းတယောက်နှင့် ～ ၍လုပ်ကိုင်သည်။ 和一个朋友合伙干。 II နı <twe: bet> ①助理,助手,副手,同伴: ～ အတွင်းရေးမှူး 副书记 ②能够彼此合作的人

တွဲမ ကı <twe: ma'> ①扶,扶持: လူနာကို ～ ပြီးခေါ်ဆောင်သွားတယ်။ 把病人搀扶着走了。/ အလုပ်သင်အင်ဂျင်နီယာကို ဝါရင့်အင်ဂျင်နီယာက ～ ခေါ်ဆောင်ဘို့လိုတယ်။ 老工程师要带见习工程师。②帮助,带领

တွဲယှက် ကı <twe: shet> 联结,结合

တွဲရရွဲ ကဝı <twe: r-ywe:> 垂挂着,一串串地: ～ သီးနေသောကနစိုးသီး 一串串的木奶果

တွဲလိကပ်ပိုး ကဝı <twe: li' kat po:> 附着,耷拉着

တွဲလိတွဲလောင်း ကဝı <twe: li' twe: laun:> 耷拉着,悬挂着: ခါးပတ် ～ ဖြစ်မနေစေနဲ့။ 别让腰带耷拉着。/ ကလေးတွေ ～ နဲ့။ 拖着一大群孩子。

တွဲလိတွဲပိုး ကဝı <twe: li' twe: po:> = တွဲလိုတွဲလဲ

တွဲလဲ ကဝı <twe: le:> 悬挂着,垂挂着: မျက်နှာကြက်တွင် ～ ခိုနေသောပင့်ကူအိမ် 在天花板上吊着蜘蛛网 / လှေပေါ်ထိုင်၍ခြေထောက်ရေထဲ ～ ချထားသည်။ 坐在船上把脚垂放在水里。

တွဲလုံချည် နı <twe lon gyi> 丝、棉混纺的筒裙

တွဲလုံး နı <twe: lon:> ①用两三种或更多种的踢法结合起来踢藤球的形式 ②【音】合奏

တွဲလင်း ကဝı <twe: lin:> = တွဲလွဲ

တွဲလောင်း ကဝı <twe: laun:> 悬挂着;耷拉着: နှပ် ～ နှင့်အခါလည်အရွယ်ကလေးငယ် 拖着鼻涕的一周岁的小孩 /～ကျသည်။ 耷拉下来,悬挂着。/ အိမ်တံစက်မြိတ်တွင်နှင်းခဲများ ～ ခိုလျက်ရှိသည်။ 屋檐下悬挂着冰凌。/ ခြေ ～ ချထိုင်၏။ 悬着双腿坐着。/ တောင်ခါးပန်း၌～ဆွဲကာလမ်းဖောက်ကြရသည်။ 吊在半山腰筑路。

တွဲလျား ကဝı <twe: lya:> 悬挂着: အိမ်ထုပ်မှ ～ ချ၍ဆင်ထားသောပုခက်ကလေး 吊挂在屋梁上的摇篮 / ～ ဆွဲသည်။ 吊挂、悬挂。

တွဲလွဲ ကဝı <twe: lwe:> 悬挂着: ကောင်းကင်တွင် ～ ခိုနေသောဆန်းစဲ့ရက်လကလေး 天空中悬挂的一弯新月 / မျက်လုံးတွင် ～ ခိုနေကြသောမျက်ရည်ဥများ 挂在眼上的泪珠

တွဲလွဲစီးခို ကı <twe: lwe: si: kho> 悬浮,吊着

တွဲလွဲတွဲလောင်း ကဝı <twe: lwe: twe: laun:> 一簇簇地,累赘地: သူတို့၏ကိုယ်ပေါ်တွင်ကိရိယာတန်ဆာပလာများ ～ ပါလာကြ၏။ 在他的身上挂着一大嘟噜工具。

တွဲသဘော် နı <twe: thin: baw:> 驳轮

တွဲသမ္ဗန် နı <twe: than ban> 附在轮船旁航行的舢板

တွဲအိအိ နဝı <twe: i' i'> 下垂着: ～ နှုတ်ခမ်းကလေးကိုဖိကိုက်ထားသည်။ 紧咬着他那肥厚的嘴唇。

တွက် I ကı <twet> ①数: တစ်နှစ်သုံးလေးစသည်ဖြင့် ～ သည်။ 一、二、三、四地数着。②估计,估量: မိုးရွာလို့ခင်ဗျားလာမှာမဟုတ်တော့ဘူးလို့ကျနော်တို့ ～ ထားတာ။ 我们估计因为下雨你不会来了。③演算(算术题等): အပေါင်းအနုတ်အမြှောက်အစားအားလုံး ～ တတ်ပါပြီ။ 加减乘除都会算了。④计较: ဒီကောင်ခိုင်းလိုက်ယင်သိပ် ～ တာပဲ။ 这家伙叫他干事他总斤斤计较。/ တယောက်နဲ့တယောက် ～ နေယင်အလုပ်ပြီးနိုင်မှာမဟုတ်ဘူး။ 如果互相计较,工作就无法完成。⑤(用肘、刀、剑等向后或向侧方)捅,捣: သူ့ကိုတတောင်နှင့် ～ သည်။ 用肘捅他。 II နı <twet> 一瞬间,刹那,霎时: လက်ဖျစ်တ ～ အတွင်း 一瞬间

တွက်ကတ် ကı <twet kat> 计较: လုပ်ယင်အားလုံးလုပ်၊ ကျနော်တယောက်ထဲတော့မလုပ်ဘူးလို့ ～ နေတယ်။ 他斤斤计较地说:要干大家都干,我一个人不干。

တွက်ကန် ကı <twet kan> 使劲一踢: သူသည်ခြေဖနောင့်နှင့်မြင်း၏နံဘေးကို ～ လိုက်သည်။ 他用脚跟使劲一踢马肋。

တွက်ကိန်း နı <twet kein:> ①计算,盘算 ②计算方法 ③估计,预计

တွက်ကျုံးဝင် ကı <twet kyon: win> 包括在内,计算在内

တွက်ခန့် ကı <twet khan'> 估计,估量

တွက်ချက် ကı <twet khyet> ①估量 ②计算: ငွေဘယ်လောက်ကုန်မယ်ဆိုတာ ～ ကြည့်စမ်းပါ။ 你算一下要花多少钱? ③占卜